# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် သတင်းထုတ်ပြန်ချက်

## အမှတ်စဉ် (၁၂/၂၀၁၇)

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အစည်းအဝေးအမှတ်စဉ် (၁၄/၂၀၁၇)ကို ၂၀၁၇ခုနှစ် အောက်တိုဘာလ ၁၀ ရက်တွင်လည်းကောင်း၊အစည်းအဝေးအမှတ်စဉ် (၁၅/၂၀၁၇) ကို ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၁၀ ရက်နေ့တွင် ရန်ကုန်မြို့ သစ္စာလမ်းရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနရုံးတွင် ကျင်းပ ပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးအမှတ်စဉ် (၁၄/၂၀၁၇)တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း(၉)ခု ခွင့်ပြုခဲ့ပြီး၊ ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ (၈၇.၃၂၈) သန်း နှင့် ပြည်တွင်း လုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းပေါင်း(၅,၉၂၇)ခုကို ဖန်တီးပေးနိုင်ခဲ့ပါသည်။ ခွင့်ပြုလုပ်ငန်း(၉)ခုမှာ စက်မှု ကဏ္ဍလုပ်ငန်း(၈)ခုနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ(၁)ခု တို့ကို ခွင့်ပြုပေးခဲ့ခြင်း ဖြစ်ပါသည်။ အဆိုပါ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်း (၉)ခုအနက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေ (၂၀၁၆)အရ ခွင့်ပြုမိန့်ထုတ် ပေးခဲ့သည့် လုပ်ငန်း (၁)ခုနှင့် အတည်ပြုမိန့် ထုတ်ပေးခဲ့ သည့် လုပ်ငန်း (၈)ခု ဖြစ်ပါသည်။

အစည်းအဝေးအမှတ်စဉ် (၁၅/၂၀၁၇)တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း(၁၅)ခု ခွင့်ပြုခဲ့ပြီး၊ ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ (၇၃.၇၇၀) သန်း နှင့် ပြည်တွင်း လုပ်သားများအတွက် အလုပ် အကိုင်အခွင့်အလမ်းပေါင်း(၂,၉၁၈)ခုကို ဖန်တီးပေးနိုင်ခဲ့ပါသည်။ ခွင့်ပြုလုပ်ငန်း(၁၅)ခုမှာ စက်မှုကဏ္ဍလုပ်ငန်း(၉)ခု၊ အခြားဝန်ဆောင်မှုကဏ္ဍ (၄)ခု၊ လျှပ်စစ် ကဏ္ဍ (၁)ခု နှင့် စက်မှုဇုန်တည်ဆောက်ရေးကဏ္ဍ(၁)ခုတို့ကို ခွင့်ပြုပေးခဲ့ခြင်း ဖြစ်ပါသည်။ အဆိုပါ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်း (၁၅)ခုအနက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေ (၂၀၁၆)အရ ခွင့်ပြုမိန့်ထုတ် ပေးခဲ့သည့် လုပ်ငန်း (၄)ခုနှင့် အတည်ပြုမိန့် ထုတ်ပေးခဲ့ သည့် လုပ်ငန်း (၁၁)ခု ဖြစ်ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ခွင့်ပြုပေးခဲ့မှုမှာ ၂၀၁၇ ခုနှစ် အောက်တိုဘာလအထိ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (၁၅၃) ခု၊ ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန် ဒေါ်လာ (၃,၇၀၇.၉၉၆)သန်း ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ (၄,၃၀၇.၃၃၅)သန်း စီးဝင်ခြင်း ဖြစ်ပါသည်။ ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်အတွင်း အထူးစီးပွားရေးဇုန်ဥပဒေအရ သီလဝါအထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ(၂၁၄.၀၈)သန်း ခွင့်ပြုခဲ့ခြင်းဖြစ်သဖြင့် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ (၄,၅၂၁.၄၁၅) သန်း စီးဝင်ခဲ့ခြင်း ဖြစ်ပါသည်။

အစည်းအဝေး အမှတ်စဉ်(၁၅/၂၀၁၇)တွင် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း(၇)ခု ခွင့်ပြုခဲ့ပြီး၊ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ(၄.၀၇၂)သန်း အပါအဝင် ကျပ် (၁၇,၄၄၄.၇၀၀) သန်း၊ ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းပေါင်း (၅၉၀)ခုကို ဖန်တီးပေးနိုင်ခဲ့ပါသည်။ ခွင့်ပြုလုပ်ငန်း(၇)ခုမှာ စက်မှုကဏ္ဍ(၃)ခု၊ အခြား ဝန်ဆောင်မှုကဏ္ဍ(၁)ခုနှင့် ဟိုတယ်နှင့်ခရီးသွားကဏ္ဍ(၃)ခုတို့ ဖြစ်ပါသည်။ အဆိုပါ မြန်မာ နိုင်ငံသား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း (၇)ခုအနက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေ (၂၀၁၆) အရ ခွင့်ပြုမိန့် ထုတ်ပေးခဲ့ သည့်လုပ်ငန်း(၁)ခုနှင့် အတည်ပြုမိန့် ထုတ်ပေးခဲ့သည့် လုပ်ငန်း (၆)ခု ဖြစ်ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ခွင့်ပြုပေးခဲ့မှုမှာ ၂၀၁၇ ခုနှစ် အောက်တိုဘာလ အထိ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း (၅၈)ခု၊ အမေရိ ကန် ဒေါ်လာ (၄၉၀.၄၉၅)သန်း အပါအဝင် ကျပ် (၁,၂၉၈,၅၄၁.၇၃၃) သန်း ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်း အပါအဝင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ (၅၆၁.၅၂၆) သန်းအပါအဝင် ကျပ်(၁,၄၉၀,၃၆၃.၀၀)သန်း စီးဝင်ခြင်းဖြစ်ပါသည်။

Email: dica@mptmail.net.mm
Website: www.dica.gov.mm